

ဝန်ဇင်း
Read on the move
မောင်ကျော်သာ (ပဲခူး)
ကြယ်ကြွေညများ
( ဝတ္ထုတိုစုစည်းမှု )

# သူတို့အမြင်

အပျော့်ရှင်ဆုံး . . .အဆုံးသတ်သို့ . . . . .

ဆရာမောင်ကျော်သာ၏ လူ့သဘာဝနှင့် လူ့စရိုက်ကို ဖော်ပြသွားသည့် ဝတ္ထုတိုကလေးပင် ဖြစ်ပါသည်။ အရက်သမား တစ်ယောက် ၏ မခိုင်မြဲသော ဆုံးဖြတ်ချက်များ၊ မတည်ငြိမ်သော အာရုံများ ကို ရင်မော်ဘွယ် တင်ပြသည်။ လူပီသစွာ ကိလေသာအမှောင်တိုက်အတွင်း းသို့ သက်ဆင်း ပျော်မြူး တတ်ကြောင်းနှင့် လည်း ဖွဲ့စည်းထားသည်။ မေတ္တာတရား၏ အံ့ဩဘွယ်ရာ စွန့်လွှတ် အနစ်နာခံပုံအကြောင်းကိုလည်း ဆရာမောင်ကျော်သာက ထည့်သွင်းခြယ်မှု န်းသည်။

ဖတ်ရင်းနှင့် မောလာစေအောင် ဝါကျများ ခိုင်မာသည်။ စာဖတ်သူများ နားမလည်နိုင်သည့် အရေး အဖွဲ့အသုံးအနှုန်းများ မပါ။ ရိုးရိုးရှင်းရှင်ကလေးသာ ရေးသားဖော်ပြသွားသည်။ သို့သော် ဖတ်ရင်းဖတ် ရင်း တလှိုက်လှိုက်နှင့် ဆို့နစ်စွာ ခံစားရစေသော ဝတ္ထုတိုကလေး ဖြစ်ပါသည်။

(ရဲခေါင်မဲမောင်)

လက်တို့ချင်သော ဝတ္ထုတိုကလေးများ

ရုပ်ရှင်မျက်မှန် (၁၉၉၅၊ မတ်လ)

ပလူတစ်ကောင်၏ တောင်ပံသို့ . . . . .

လူ တစ်ယောက် ဟာမကြာခင်သေဆုံးရတော့မည် ကို သိနေလျှင် လောကကြီးအတွက် ဘာလုပ်သွားသင့်သည်လဲ။ သူစဉ်းစားနေမိသည်။

ဝတ္ထုကို စ , ဖွင့်တဲ့စကားလုံးတွေ ပါ။ အဲဒီ လို လေးလံဖိစီးမှု တွေ နဲ့ ဝတ္ထုရဲ့ ဇာတ်ကောင်ဟာ ရောဂါ သည်တစ်ဦး ဖြစ်နေပုံ။ မကြာမီ ရက်ပိုင်းလပိုင်းအတွင် း မလွဲဧကန် သေဆုံးတော့မယ်ဆိုတာ ကြိုတင်သိနေ ပုံ၊ အဲဒီ မှာ လူနာရဲ့ ကြိုတင်ပြင်ဆင်နေပုံတွေ ကို တဖြည်းဖြည်း ဆွဲယူပြပါသည်။

သူနစ်သက် တဲ့ ဝတ္ထုတိုကလေးတွေ ကို ဘာသာပြန်နေမိတယ်။ ကလေးတွေ နဲ့ အတူ ဗီဒီယိုကြည့်၊ သူ့မိန်းမနဲ့ ရန်မ ဖြစ်အောင်ဆင်ခြင်နေ။ တစ်နေ့ သူငယ်ချင်းတွေ နဲ့ အတူ အရက်သောက်ပြီးပြန်အလာ ၊ စာ ဖတ်မယ်ဆိုပြီး စားပွဲခုံပေါ်မှာ ထိုင်နေတုန်း၊ ပလူကောင်တွေ တရုန်းရုန်းနဲ့ ရောက်လာတော့တာပဲ။ ဒီညမှာ ပဲ သူ့ဗိုက်ပြန်အောင့်ပြီး ဆေးရုံရောက်၊ ဆေးရုံမှာ နှစ် ပတ်လောက်ကြာပြီး၊ သူကွယ်လွန်သွားတယ်။ သူ့စာအုပ် ထဲမှာ စာတစ်ပိုဒ် ရေး ခဲ့လေရဲ့ ။

တောင်ပံတွေ ချပြီးချိန်၊ တောင်ပံတွေ ကျပြီးချိန်မှာ ပလူတစ်ကောင်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာမှမရှိနိုင် တော့မှန်း ကျွန်တော် သိနေသည်တဲ့လေ။

ဒီဝတ္ထုလေးရဲ့ ဦးတည်ရာအတွေ း ကတော့ သတိသံဝေဂဟာနဲ့ ဆင်ခြင်စရာတွေ ပြည့်လျှမ်းနေလို့ နှစ်သက် ခံစားကြရပါတယ်။

(မှိုင်းနွယ်)<br>ရင်ခုံတောင်ကြားမှ<br>ပန်းဝေသီ (၁၉၉၆၊ မေလ)

မှာ းနေတဲ့ညသို့ . . . . .

ဘာပဲ ဖြစ် ဖြစ် ဆရာမောင်ကျော်သာ၏ ဝတ္ထုအဆုံးသတ်ကား “ မှာ းနေတဲ့ည” ၏ ရုပ်ပုံလွှာကို အပီပြင်အထင်ရှားဆုံး လှစ်ဟဖော် ကျူး သွားနိုင်ခဲ့သည်မှာ ဘာမှ ဝိဝါဒ ဖြစ်စရာမလို ဟု ထင်သည်။

(ဘန်ကိုး)<br>ရင်ထဲရောက်သော ရနံ့များ မှ<br>ရွက်နဝေ (၁၉၉၆ ၊ဇူလိုင်လ)

တိမ်တစ်စရဲ့ ညနေသို့ . . . . .

တိမ်ဒသဘာဝသည် အမြင့်စံ ဖြစ်သည်။ သို့ ရာတွင် တည်ငြိမ်မှု မရှိ။

အစဉ်ထာဝရ မျောလွင့်နေရမြဲ ဖြစ် သည်။ ပုံသဏ္ဍာန်ကော တစ်ပြေးညီမဟုတ်။ ညနေဆိုသည်မှာ နေ့တစ်နေ့ဒ၏ နိဂုံးပိုင်း။

ဆရာမောင်ကျော်သာ ကားဝတ္ထုသွားတစ်ခုလုံးအပေါ်ခြုံငုံ၍ “ တိမ်တစ်စရဲ့ ညနေ”အမည် ကိုပေးလိုက်လေသလားမသိ။ လွန်စွာ မှ ဝတ္ထုသွားနှင့် စပ်ဟပ်အံကျလွန်းလှသည်။

ဝတ္ထုတို၏ အဆုံးသတ်ကား ဆရာမောင်ကျော်သာ ခေါင်းစဉ်ပြုထားသည့် တိမ်တစ်စ၏ ညနေပဲ ဖြစ်လိမ့်မည် ။

(ကသစ်နီ)

ရိုက်နမ်း ဖြစ်သော ပန်းပွင့်များ မှ

ရုပ်ရှင်မျက်မှန် (၁၉၉၆ ၊ မေလ)

ရှင်သန်ခြင်းဗိုင်းရပ်သို့ . . . . . .

ငှက်ဖျား ဖျားနေသူတစ်ဦး၏ စိတ်အတွေ းများ ကို ရေး ဖွဲ့ထားသည့် ဝတ္ထုတိုကလေးပင် ဖြစ်သည်။ စိတ်အလျဉ်ရေး နည်း ဝတ္ထုတိုများ ခေတ်စားနေသည့်အချိန်တွင် ဆရာမောင်ကျော်သာ၏ ယခုဝတ္ထုတိုက လေးကို လည်း စိတ်အလျဉ်ဝတ္ထုဟု ဆိုရသော် မှား အံ့မထင်ပါ။

လူဆိုသည်မှာ သံယောဇဉ်သမားနှင့် သိချင်းမျိုး သား ဖြစ်ပါသည်။ထို့ကြောင့် လူ တစ်ယောက် အနေ နှင့် သူ ဖြစ်တည်နေစဉ်ကာလအတွင် း သူနှင့် ပတ်သက်သည့် ဝန်းကျင် ဖြစ်ပျက်ပြောင်းလဲမှု သူသေဆုံးပြီး နောက် သူနှင့် မပတ်သက်တော့သည် ဝန်းကျင် ဖြစ်ပျက်များ ကို တွေ းကြည့်မိတတ်ကြသည်မှာ မဆန်း ၊ . . ထို့ကြောင့် ဆရာမောင်ကျော်သာ၏ ဝတ္ထုတိုကလေးသည် ယုတ္တိနယ်မြေမှ ကင်းလွတ်မသွား။ခေတ်ပြိုင်မ ဖြစ် အပျက်များ ကို လည်း ပါးပါးကလေးသရော်ထားသည်။

ကမ္ဘာလောကကြီးအတွင် း လူ တစ်ယောက် ဖြစ်တည်နေခြင်းနှင့် ထိုလူ တစ်ယောက် ၏ တန်ဖိုးသည် “ဘာ” ဆိုသည်ကို တည့်တည့်မပြော။ စာဖတ်သူအား

လွတ်လပ်စွာ ခွင့်ပေးထားသည်။ လူမမာ တစ်ယောက် ၏ အတွေ းနှင့် လျော်ညီစွာ ဝါကျများ ကို ဖွဲ့စည်းပြီး တွေ း ဖြစ်စေနိုင်သည့် ရှုထောင့်မှ အတွေ းကိုသာ တွေ း ဖြစ်စေသည်။

နိုင်ငံတကာရေး ရာလည်းပါသည်။ တရားဓမ္မလည်းရောသည်။ ဒဿနလည်းမလွတ်။ ခေတ်ကိုလည်း မျက်ခြည်မပြတ်။ ခေတ်ပြိုင်ခံစားမှု နှင့် ရေး ဖွဲ့ထားခြင်း ဖြစ်ရာ ကျေနပ်ဖွယ်ရာသော ဝတ္ထုကလေးပင် ဖြစ်ပါသည်။ အထူးသဖြင့် ဝတ္ထုနိဂုံးချုပ်ဝါကျများ သည် စာဖတ်သူများ ၏ ရင်ကို ထိခိုက်ခံစားစေ လျက် ဝေဒနာပေး နိုင်မည် မှာ မုချ ဖြစ်ပါသည်။

(ရဲခေါင်မဲမောင်)

လက်တို့ချင်သော ဝတ္ထုတိုလေးများ မှ

ရုပ်ရှင်မျက်မှန် (၁၉၉၅ ၊ ဩဂုတ်လ)

## အပျော်ရွှင်ဆုံးအဆုံးသတ်

ဒို့တစ်တွေ၊ အကောင်းဆုံးတစ်ခုခု လုပ်ပြီး
အချိန်ဖြုန်းကြရအောင်
ဒို့တစ်တွေ
ဖုံတောထဲ မဆင်းခင်၊
ဖုံတောထဲ မကျဆုံးခင်၊
ဖုံတောထဲ မကျဆုံးခင်၊
အကောင်းဆုံး စပျစ်သေရည်လား။
အကောင်းဆုံး တေးတစ်ပုဒ်လား၊
အမြတ်နိုးဆုံး သီချင်းသည် ချစ်သူလား။
နောက်တော့
အပျော်ရွှင်ဆုံး အဆုံးသတ်မှု လား။

(အိုမာခိုင်ယမ်။)

ကမ္ဘာကြီးရဲ့ သက်တမ်းဟာ ခန့်မှန်းထားသည်ထက် ပိုပြီး တိုမည် ဆိုသော သတင်းတိုလေးတစ်ခု ဖတ်ရတုန်းက၊ သူအနည်းငယ် တုန်လှုပ်ခဲ့ဘူး၏ ။

တကယ်တော့ ကမ္ဘာကြီးဆိုတာလည်း ဘာမျှရေရာမှု မရှိတဲ့ ရုပ်ဝတ္ထုတစ်ခု ဖြစ်ကြောင်း ၊ တဒင်္ဂသတိ ထားချိန် ရလိုက်သော ကြောင်း ဖြစ်သည်။

နောက်တော့လည်း ကမ္ဘာကြီးထက်၊ သက်တမ်းအဆမတန်ကို တိုလွန်းသော လူ့သက်တမ်းအ ကြောင်းကိုပင် စဉ်းစားချိန်မရတော့ပဲ၊ ပစ်စလက်ခတ်အ ဖြစ်များ ကြားမှာ ပင် ပုံမှန်ပြန် လည်းပျော်ဝင်ခဲ့သည်။

ထိုနေ့က သူဖြတ်မည် ဟု ဆုံးဖြတ်ထားသော အရက်ကို သူ သောက်၏ ။ သူ့ရဲ့ ညာဘက်မိုက်တစ်ခြမ်း အောင့်တုန်းက အီးစီဂျီရိုက်စဉ် အရက်မသောက်ဖို့ ဆရာဝန်မှာ

ထားသော စကားကိုလည်း သူမေ့ပစ်လိုက် ၏ ။ သူနှင့် တွေ့တိုင်း အရက်မသောက်ဖို့ ပြောတတ်သော သူမစကားကိုလည်း သူမေ့ပစ်လိုက်သည်။

သူ , ပန်းချီတွေ ဆွဲချင်ခဲ့ဖူးသည်။ သူ , စာတွေ ရေး ချင်ခဲ့ဖူးသည်။ သူ ,တော်လှန်ရေး စစ်သား ဖြစ်ချင်ခဲ့ဖူး သည်။ သူ အိုင်စတိုင်း ဖြစ်ချင်ခဲ့ဖူးသည်။ သူ , ချက်ဂွေဗား ဖြစ်ချင်ခဲ့ဖူးသည်။ သူ ရှေ့နေ ဖြစ်ချင်ခဲ့ဘူးသည်။ သူ , ဂေါ်ဂင် ဖြစ်ချင်ခဲ့ဖူးသည်။ သူ ငရင်ဗန်ထရိုင်း ဖြစ်ချင်ခဲ့ဖူးသည်။ သူ , နော်မန်ဗက်သွန်း ဖြစ်ချင်ခဲ့ဖူး သည်။ သို့သော် သူသည် ဟစ်တလာနှင့် ခွေးရူးတစ်ကောင်တော့ မ ဖြစ်ချင်ခဲ့သည်မှာ သေချာခဲ့၏ ။ သို့သော် သူ ဘာမျှမ ဖြစ်ခဲ့တာလည်း သေချာ၏ တက္ကသိုလ်ကျောင်းသား ဘဝတုန်း ကတော့ အဖေနှင့် အမေ ပို့ပေး သည့်ငွေကို သုံးနေရစဥ်ကာလမှာ သူပန်းချီတွေ ရေး ခဲ့ဖူးသည်။ ထိုတုန်းက သူရေး သည် ပန်းချီကားတွေ ထဲ မှာ မုဒြာမျိုး စုံ၊ အရွယ်မျိုး စုံ၊ ပုံသဏ္ဍာန်စုံပါဝင်သော ဗုဒ္ဓပုံတော် များ ပါဖူးသည်ကို သူမှတ်မိနေသည်။ ထိုပန်းချီ ကားတွေ အားလုံးမှာ ဖြစ်ဖြစ်မြောက်မြောက် ဖြစ်မလာသော ပန်းချီကားများ သာ ဖြစ်သည်။ထိုပန်းချီကားတွေ ထဲက နောက်ဆုံးအိပ်မက်ဟူသော ပန်းချီကားတစ်ချပ်သာ ဖုံအလိမ်းလိမ်းကပ်ပြီး သူ့အိမ်မှာ ယခုတိုင်ကျန် နေခဲ့၏ ။

ထိုပန်းချီကားမှာ အရောင် သိပ်မပါလှပဲ ကောက်ကြောင်းများ သော ပန်းချီကားတစ်ချပ်လည်း ဖြစ်၏ ။ ပန်းချီကားထဲမှာ ဈာနမုဒြာဖြင့် ဗုဒ္ဓပုံတော် ကြီးပါသည်။ ထိုပုံတော် ကြီးက ဂျပန်ပြည်မှ ကမာကူရာ ဗုဒ္ဓရုပ်ပွား တော် လိုမျိုး ခပ်ဆင်ဆင် ပုံ ဖြစ်သည်။ ထိုပုံတော် ကြီးရှေ့မှာ ရဟန်းတစ်ပါးက မတ်တပ်စုံရပ်ရင်း၊ ဗုဒ္ဓပုံတော် ကြီးကို မော့ကြည့်နေသည်။

ဒါဟာ သူ့ရဲ့ နောက်ဆုံးအိပ်မက်ဟုလည်း သူငယ်ချင်းတွေ ကို မကြာခဏ ပြောဖူး၏ ။ လူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို ရဟန်းဘဝဖြင့် ကုန်ဆုံးရမည် ဟု မကြာခဏ စိတ်ကူးယဥ်ခဲ့စဥ်က သူရေး ခဲ့သော ပုံပင် ဖြစ်သည်။ နောက်တော့လည်း ဘယ်နေ့သေမည် မှန်း မသိသော ဘဝထဲမှာ မေ့လျော့မှု ပေါင်းများ စွာ ကို သုတ် လိမ်းရင်း စိတ်ကူးယဥ် အိပ်မက်တွေ ကို သူမေ့ခဲ့၏ ။

ထိုနေ့က သူ့အရက်ပြန်သောက်၏ ။ အကြိမ်များ စွာ ဖြတ်မည် ဟူသော အရက်ကို အပေါင်းအသင်းတွေ နှင့် ဆုံတိုင်း သူသောက် ဖြစ်သည်။

သူ့အရက်မကြိုက်မှန်း သူဖာ့သာသူ သိသော်လည်း သူအပေါင်းအသင်းကို ချစ်သည်။ ထိုအပေါင်း အသင်းချစ်စိတ်ကပင် သူ့ကို အရက်နှင့် ဆက်လက်ခရီးသွားစေပြန်သည်။ အရက်သောက်ရင်းက အရက် ကြောင့် သေဆုံးခဲ့ကြသော အရက်သမား မိတ်ဆွေတွေ အကြောင်းကို ပြော ဖြစ်ခဲ့ကြသည်။

အသားဖြူဖြူခပ်ချောချော ပိုက်ဆံလည်းရှိသော မိတ်ဆွေ တစ်ယောက် မှာ အရက်ကြောင့် ငယ်ငယ် ရွယ်ရွယ်နှင့် သေ၏ ။ ကဗျာဆရာလည်း ဖြစ် ကျောင်းဆရာလည်း ဖြစ်သော မိတ်ဆွေ တစ်ယောက် မှာ လည်း အရက်သမားဘဝဖြင့် တောမှာ ဆုံးခဲ့သည်။

လက်ရာအလွန်ကောင်းပြီး ဖင်မြဲသော မိတ်ဆွေပန်းပု ဆရာ တစ်ယောက် မှာ အရက်နှင့် တွေ့လျှင် အရူးတစ်ပိုင်း ဖြစ်သွားတတ်ကာ လောကကြီးမှ အပြီးအပိုင်အနားယူသွားခဲ့သည်။မနက်လင်းမှ အေးစက် တောင့်တင်းရင်း အသက်ပျောက်နေသော သူ့အလောင်းကို ဆိုက်ကားသမား တစ်ယောက် က ရေမြောင်းထဲ မှာ တွေ့ခဲ့ခြင်း ဖြစ်သည်။

သည့်ထဲမှာ တစ်ခုခုလုပ်ကြမည် ဆိုသော မိတ်ဆွေ တစ်ယောက် အကြောင်းက ပိုပြီး ရင်နာဖို့ကောင်း၏ ။ ထိုမိတ်ဆွေက သူနှင့် အယူအဆချင်း လောဘကြီးတာချင်း၊ အနုပညာချစ်တာချင်း ၊ အတော် တူသော မိတ်ဆွေ ဖြစ်သည်။ အရက်ဝိုင်းမှာ ထိုင်တိုင်း “ မသေခင် ကျုပ်တို့ တစ်ခုခုလုပ်ကြမယ်ဗျာ” ဟု မကြာခဏ ပြောတတ်သူ ဖြစ်၏ ။

ထိုမိတ်ဆွေမှာ သူ့လိုပဲ ပန်းချီတွေ ရေး ချင်သူဖြစ်သည်။ သူ့လိုပဲ စာတွေ ရေး ချင်ခဲ့သူ ဖြစ်သည်။ သူ့လိုပဲငွေတွေ အများ ကြီး လိုနေသူ ဖြစ်သည်။ သူ့လိုပဲ ဘဝရဲ့ နောက်ဆုံးအချိန်တွေ ကို ရဟန်းဘဝဖြင့် ကုန်ဆုံးချင်သူ ဖြစ်သည်။ သူ့လိုပဲ အချိန်ရလျှင် ဝိပဿ တရားစခန်းတွေ ကိုဝင်ချင်သူဖြစ်သည်။ သို့သော် တစ်သက်လုံး အချိန်မရသွားရှာသော မိတ်ဆွေလည်း ဖြစ်ခဲ့သည်။

သားသမီးသုံးယောက် ကို လုပ်ကျွေးရင်း၊ မိန်းမပန်းနာသည်ကို ဆေးကုရင်း၊ အမေ့ကို အိမ်ခေါ်ထား ဖို့ကြိုး စားရင်း အပေါင်းအသင်း တွေ နှင့် အရက်သောက်ရင်း ၊ အမြဲတန်းလိုနေသော ငွေရဲ့ နောက်ကိုလိုက် ရင်း ၊ သူ့ကိုယ်သူ လောလောဆယ် မသေသေးဘူးဟု ထင်ထားရင်းမှာ ပဲ၊ ရုတ်တရက် လေဖြတ်ပြီး သေဆုံးသွားခဲ့သည်။

သူ အငမ်းမရရှာနေသော ငွေကိစ္စကြောင့် ပဲ၊ မိန်းမ ဖြစ်သူနှင့် စကားများ ၍ ။ သူ အရက်ထပ်သောက် ၍ ။ မိန်းမ ဖြစ်သူနှင့် မအိပ်ပဲ ကုလားထိုင်ပေါ်မှာ ပင် အိပ်ပျော်သွားခဲ့သည်။

ယခင်ကလည်း တစ်ရေး နိုးလျှင် အိမ်ခန်းထဲ ဝင်အိပ်မြဲမို့ မိန်းမ ဖြစ်သူက သူ့ကို မနှိုးဘဲထားလိုက် သည်။ (လင်မယားသက်တမ်းကြာလာသဖြင့် ဂရုမစိုက်တော့တာလည်း ဖြစ်နိုင်ပါသည်) ထိုညကမိုးတွေ သည်းသည်းမည်း မည်း ရွာသည်။ မနက်မိုးလင်းလို့ ကုလားထိုင်ပေါ်မှာ အတော် နှင့် မထသည်ကို သည်းမခံ နိုင်သည့်အဆုံး သူ့ကိုယ်ပေါ်မှ စောင်ကို ခွာလိုက်တော့မှာ ပင် သူသေဆုံးခဲ့ ဖြစ်ကြောင်း သိလိုက်ရသည်။

သူ့ပါးစပ်ထဲမှာ သွေးစအချို့ တွေ ့ရသည်။ အိမ်နီးနားချင်းတွေ က အရက်မူးမူးနှင့် အိပ်ပျော်ရင်း လေဖြတ်သွားတာဟု ဆို၍ ။

မိန်းမ ကတော့ ညက သူ့အမျိုး တွေ ကို ချေးလိုက်သည့် ငွေကိစ္စနှင့် ပတ်သက်ပြီး သူမနှင့် စကားများ ကြရာမှ ပေါက်ကွဲပြီး ဦးနှောက်သွေးကြောပြတ်သွားတာ ဖြစ်မှာ ပါဟု ငိုကြီးချက်မနှင့် ပြောသည်။

သူ့ အသုဘကို လိုက်ပို့ရင်း “ မသေခင်တော့ ကျူ ပ်တို့တစ်ခုခုလုပ်ကြရအောင်ဗျာ” ဆိုသည့် သူ့စကားကို သတိရနေမိသည်။ သူသွားချင်သည့် ဝိပဿ နာတရားခန်းတွေ အကြောင်းကို သတိရနေမိ သည်။

ဒေါသကြောင့် လူတွေ သေလျှင် အဝီစငရဲကို ရောက်သည်ဟူသော အကြောင်းကို စဉ်းစား မိသည့် အခါ မိတ်ဆွေ ဖြစ်သူ ဘယ်ဘဝရောက်နေပြီကို သူသိချင်နေသည်။ သည်လိုသာ အသက်ရှင်စဉ်ဘဝက လည်း သော က လှောင်အိမ်ကြားမှာ

မွန်းကြပ်ပိတ်လှောင်ခံရပြီး သေဆုံးပြန်တော့လည်း ဒုက္ခငရဲတွင်းမှာ ကျရမည် ဆိုလျှင် မည် မျှ မတရားရာကျလိုက်ပါသည်။

ထိုနေ့က ဖြတ်မည် ဟု အားယူထားသော အရက်ကို သူသောက်မိပြန်၏ ။ သူ့ဝတ္ထုစာအုပ်လေးရိုက်ပြီး သဖြင့် အပေါင်းအသင်းများ စိတ်ပျော်နိုင်အောင် သူအရက်သောက်ခဲ့ခြင်း ဖြစ်သည်။ ( သူ့ကိုအရက်မတိုက် ချင်ဟု ထင်မှာ စိုးသော ကြောင့်လည်း ဖြစ်နိုင်ပါသည်။) အရက်သောက်နေရင်းမှာ ပင်သူဖြုန်းပစ်ရမည့် အချိန်တွေ ကို သူနမြောနေမိပြန်သည်။ သည်လိုပဲ လူ့ဘဝသက်တမ်းတိုတိုလေးမှာ ရပိုင်ခွင့်ရှိသော အချိန်လေးကို အလဟသသုံးပစ်ရင်း ကုန်ဆုံးခဲ့သည့်အချိန်တွေ က မည် မျှများ လိုက်ပါသလဲ။

ပညာရှိ တစ်ယောက် ကတော့ လူတွေ ဟာ တစ်ရက်ကို ရှစ်နာရီ အိပ်တယ်ပဲထား။ အသက်သုံးဆယ် ပြည့်တဲ့အခါ သူဟာ သူ့ဘဝမှာ ဆယ်နှစ် လုံးလုံး အိပ်ခဲ့သူ ဖြစ်နေပြီ ဟုဆို၏ ။ လူတွေ ဟာ အသက်သုံးဆယ် အတွင်းမှာ ဆယ်နှစ် လုံးလုံး အိပ်ယုံတင်မကပဲ ကျန်ခဲ့တဲ့ အချိန်တွေ ကိုလည်း နှစ် နှင့် ချီပြီး ဖြုန်းနေကြတာပဲ မဟုတ်ဘူးလား။ ဒါတွေ ကို မေ့ထားဖို့ ထိုနေ့က အရက်ကို မူးအောင် သူသောက်၏ ။

“ဦးနောက်က အမူးဒဏ်ကို ခံနိုင်သလောက် အသည်းနှလုံးက အရက်ဒဏ်ကို မခံနိုင်ဘူးကွ။ အဲဒီ လို ဘယ်လောက်သောက် မမူးတဲ့ကောင်တွေ ပဲ မြန်မြန်သေကြတာ” ဟူသော အရက်သမားနောင် တော်ကြီး တစ်ယောက် ၏ စကားကို သတိရရင်းမှာ ပင် တစ်ခွက်ပြီးတစ်ခွက် သူငုံ့သောက်ပစ်ခဲ့သည်။

အရက်ဝိုင်းကပြန်တော့ညဆယ့်နှစ် နာရီကျော်ပြီ။ မြို့ သစ်မှာ ရှိသည့် သူ့အိမ်ကို ပြန်ဖို့ရာမှာ လည်း ကားကရှားနေပြီ။ အပေါင်းအသင်းများ ကို နှုတ်ဆက်ပြီး တက္ကစီတစ်စီးနှင့် သူမအိမ်ကိုထွက်ခဲ့သည်။ ထိုသူမက သူ့မှာ အိမ်ထောင်ရှိမှန်းရှိမှန်းသိလျက်နှင့် သူ့ဘဝထဲကို တိုးဝင်ခဲ့သော သူနှင့် ငရဲကို အတူလိုက် မည့် သူမ ဖြစ်သည်။

သူရောက်တော့ သူမ အိပ်ပျော်၍ နေပြီ။ သူမအိပ်ခန်းတံခါးကိုခေါက်ရင်းသူမနာမည် ကို ခပ်အုပ်အုပ် ခေါ်သည်။

ဆယ်မိနစ်လောက်ကြာမှာ သူမနိုးလာသည်။ တံခါးကို ဖွင့်ရင်း “ အရက်တွေ သောက်လာပြန်ပလားအစ်ကို ” ဟု သူမကဆိုသည်။ သူအခန်းထဲအပြီးမှာ တော့ သူမကတံခါးကို ပြန်ပိတ်လိုက်သည်။

“ထမင်းကော စားပြီးပြီလား” ဟု သူမက မေးသည်။သူထမင်းမစားလိုကြောင်း ပြောသည့်အခါ သံပုရာရည်ဖျော်ပေးမည် ဟု ဆိုပြီး မီးဖိုခန်းထဲ သူမ ဝင်သွားသည်။ ကုလားထိုင်ပေါ်မှာ ထိုင်ချရင်း သူမ ထွက်အလာကို စောင့်ကာ သူနှင့် သူမ ဆုံခဲ့သော အကြောင်းတွေ ကို သတိရနေမိ၏ ။

သူမနှင့် တွေ ့ခဲ့စဉ်ကာလက သူဝန်ထမ်းဘဝမှာ ဖြစ်သည်။ ဌာနကလွှတ်သော အုပ်ချုပ်မှု သင်တန်း တစ်ခုမှာ သူမနှင့် သူဆုံခဲ့ကြသည်။ သူမက သူ့ထက် အသက်ဆယ်နှစ်ခန့် ငယ်ပြီး ဌာနတစ်ခုမှ အရာရှိငယ် တစ်ဦး ဖြစ်သည်။ ပြီးတော့ သူ့အဖေနှင့် အမေနှစ်ယောက် စလုံးမှာ မြန်မာပြည်မှာ မရှိဘဲ အာဖရိက နိုင်ငံ တစ်ခု၌ အလုပ်သွားလုပ်နေကြသူတွေ ဖြစ်သည်။

“အဖေနဲ ့ အမေက ဟိုမှာ အလုပ်လုပ်ရင်း နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှာ အခြေချဖို့ ကြိုး စားနေတာ အစ်ကို၊ ခင်ခင် ကတော့ မြန်မာပြည်ကနေ ဘယ်ကိုမှသွားမနေဘူးလို့ အပြတ်ပြောထားတာ၊ အရင် အဖေတို့ အမေတို့နဲ့သြစတြေးလျမှာ တော့လိုက်နေဖူးတယ်။မြန်မာပြည်လို မပျော်ဘူး။ ဟိုမှာ အသက်ရှုရတာ လဲ မဝသလိုပဲ” ဆိုသည့် သူမပြောဖူးသော စကားများ ကိုလည်း ကြားယောင်နေ၏ ။

သည်မှာ တော့ သူမအဘွားနှင့် အိမ်ဖော် တစ်ယောက် သာ ကျန်ရစ်ခဲ့သည်။ အဘွားကလည်း အသက်ကကြီး၊ နားကလေးမို့ လူ့ဘဝတစ်ခုလုံးကို အရှုံးပေး လက်မြှောက်ထားသည့် ပုံစံမျိုး ၊ သို့ တည်းမဟုတ် လောကကြီး၏ အနိုင်ကျင့်မှု ကြောင့် ရွံ့စွာ အတိတ်မေ့ ရောဂါ စွဲကပ်နေသည့် ပုံစံမျိုး ၊ သို့ တည်းမဟုတ် ပျော်ရွှင်ဖွယ်မရှိတော့သော ရက်တွေ အောက်မှာ သေနေ့ကို စောင့်နေသော အကျဉ်းသားတစ်ဦးရဲ့ ပုံစံမျိုး ဖြစ်သည်။

တစ်ခါတစ်ခါတော့ အိုမင်းမစွမ်းသည့်အခါ စည်းစိမ်ဆိုတာ

ဘာမျှအမိပ္ပါယ်မရှိတော့သည့်အကြောင်း အဘွားကို ကြည့်ပြီး သူသံဝေဂရဖူး၏ ။

မကြာမီ သံပုရာရည်ဖန်ခွက်နှင့် သူမထွက်လာ၏ ။ “ အစ်ကိုကို့ အရက်မသောက်ပါနဲ့ လို့ ခင်ခင် ခဏခဏ ပြောတာလည်း မရဘူး။ ဒီအတိုင်းဆို အစ်ကို မြန်မြန်သေမှာ သိလား” ဟု ဆိုရင်း သူမ မျက်ဝန်းထဲမှာ မျက်ရည်တို့ ပြည့်နေသည်။

သူဟာ လောကကြီးထဲမှာ သူ့မိသားစုနှင့် သူ့ကို ချစ်သော အပြစ်မရှိသည့် မိန်းကလေး တစ်ယောက် ကို ကျိန်စာတိုက်ထားသည့် လူ တစ်ယောက် ဖြစ်ခဲ့ပြီကို သူစဉ်းစာမိသည်။ ဒါဟာ သူရဲ့ လောဘကြီးမှု ၊ တစ်ကိုယ်ကောင်းဆန်မှု သက်သက်ပဲပေါ့။

သူမပေးသည့် သံပုရာရည်ကို သောက်ရင်း သံပုရာရည်ခွက်ထဲမှာ အဆိပ်ပြင်းပြင်း တစ်စက်လောက် ထည့်ထားလျှင် ကောင်းမှာ ပဲဟု သူဆုတောင်းနေမိ၏ ။

ထိုညက သူမနှင့် သူ အိပ်ခဲ့သည်။ သူမကို အရင်လိုပဲ တရှိုက်မက်မက် နမ်းခဲ့သည်။ သူမနှင့် အရင်လို ပဲ အမှာ းတွေ ဆက်မှာ းသည်။ သူမက စကားတွေ မကုန်နိုင်အောင် ပြောနေပေမယ့် သူ ကတော့ စကားတစ်ခွန်းမှ ပြန်မပြောဟု ထင်သည်။ သူမစကားထဲမှာ သူ့ဇနီးနှင့် ကလေးတွေ နေကောင်း ရဲ့ လား ဆိုးသည့် အကြောင်းလည်းပါသည်။ သူ့အဖေနှင့် အမေက သူတို့ဆီလိုက်လာဖို့ စဉ်းစားပါဆိုသည့် အကြောင်း လည်းပါသည်။ တစ်ပတ်တစ်ခါတော့ သူမနှင့် လာတွေ ့ပါဆိုသည့် အကြောင်းလည်းပါသည်။

သူနှင့် ပတ်သက်သည့် သံယောဇဉ်ကြိုး တစ်ချောင်းထပ် တွယ်ဖို့ဆိုသည့် အကြောင်း ကတော့ ထိုထဲတွင် ပါမလာတော့ ။ သူ့မှာ သူနှင့် ပတ်သက်ပြီး သံယောဇဉ် ဖြစ်ဖို့ နောက်ကြိုး တစ်ချောင်းပေးနိုင်သည့် အခြေအနေဆုံးခဲ့သည်က ကြာပြီ။ ဒီအကြောင်းကို ပြောသည့်နေ့က ဖြုံး ပွဲချပြီး သူမငိုခဲ့ဖူးသည်ကို သူ သတိရနေသည်။ ချစ်သူ တစ်ယောက် ဆီက ရနိုင်သည့် ရပိုင်ခွင့် အလွန်တရာမှ နည်းခဲ့ပြီကို ၊ သူမ သိလိုက်သော အချိန်ပင် ဖြစ်သည်။

သည့်နောက်ပိုင်း သူအရက်တွေ ဖိသောက်သည်။ သူမက မသောက်ဖို့

တားသည်။ သူအသည်းရောင် သည်။ ဆရာဝန်က အရက်မသောက်ဖို့ ပြောသည်။ သည့်နောက်ပိုင်း သူအရက်မသောက် ဖြစ်ပေမယ့် အပေါင်းအသင်းစုံသည့် အခါတော့သောက် ဖြစ်သွားပြန်သည်။

ထိုညက သူမနှင့် အိပ်ပျော်သွားချိန် အိပ်မက်ထဲမှာ ကြယ်တွေ ကြွေတာကို သူမြင်ရသည်။ ကမ္ဘာကြီး ပေါက်ကွဲသွားတာကို သူတွေ့ရသည်။ ဇနီးနဲ့ သားသမီးတွေ က သူ့ကို တစ်ယောက် တည်းထားခဲ့ပြီး ပြစ်ပြေး သွားတာတွေ့ပါသည်။ သူ့ကို တင်းကြပ်စွာ ဖတ်ထားရင်း သူမ ငိုတာတွေ လည်း ပါသည်။ သူနှင့် သူမကို ငရဲသားတွေ ဆွဲခေါ်သွားတာတွေ လည်း ပါသည်။သူ့သင်္ချိုင်းစာအုပ်ထဲမှာ ကြက်ခြေခတ်တွေ ဗလပွ ဖြစ်နေတာလည်းပါသည်။ အိုမာခိုင်ယမ်၏ တို့တစ်တွေ အကောင်းဆုံးတစ်ခုခု လုပ်ရင်း အချိန်ဖြုန်းကြရအောင်ဆို သည့် ကဗျာတစ်ပုဒ်လည်းပါသည်။ ကုလားထိုင်ပေါ်မှာ အိပ်ပျော်ရင်း သေဆုံးသွားသော သူငယ်ချင်းလည်း ပါသည်။

သူလန့်နိုးချိန်မှာ အပြင်ဘက်က လေးနာရီ သံချောင်းခေါက်သော အချိန်နှင့် တိုက်ဆိုင်နေ၏ ။ သံချောင်းခေါက်သံလေးချက်ကို ဒု, သ, န , သော ဟူသည့် အသံများ အ ဖြစ် သူကြားနေ၏ ။

သူ့ရင်ဘတ်ပေါ် တင်ထားသည့် သူမလက်တစ်ဘက်ကို အသာချရင်း ကုတင်ပေါ်မှ သူထလိုက် သည်။ နစ် ဖြိုက်စွာ အိပ်ပျော်နေသော အပြစ်မရှိသည့် သူမကို ကြည့်ရင်း မင်နက်များ ထပ်ခါထပ်ခါ ပက်ခြင်း ခံထားရသော စက္ကူဖြူတစ်ရွက်ကို ပြေးမြင်မိသည်။

သူမအတွက် သူတစ်ခုခုလုပ်ပေးမှ ဖြစ်မည် ။ ထိုတစ်ခုခုမှာ လက်ထပ်စာချုပ်လည်း ဖြစ်နိုင်သည်။ သူမကို မိဘတွေ ရှိရာ ကင်ညာသို့ လိုက်သွားဖို့ ပြောရန်လည်း ဖြစ်နိုင်သည်။

သူမကို စောင်ခြုံပေးပြီး သူမပါးဖွေးဖွေးကို တစ်ချက်နမ်းလိုက်သည်။ ပြီးတော့ စားပွဲခုံအံဆွဲထဲမှာ ထားနေကျသော့ ခလောက်ကိုယူပြီး အဘွားနှင့် အိမ်ဖော်ကောင်မလေး

မနိုးခင် အိမ်ရှေ့သို့ ထွက်ခဲ့သည်။ အပြင်မှတံခါးကို သော့ ခတ်သည်။ မနက်လင်းလျှင် နောက်ဖေးပေါက်မှထွက်၍ ထိုသော့ ကို သော့ တံနှင့် သူမဖွင့်မည် ။

သော့ ခလောက်ကို ဖိချရင်းမှပင် သူဟာ အလွန်လောဘကြီးသော ၊ အလွန်မတရားသော လူတစ် ယောက် ဖြစ်ခဲ့ပြီကို သူသတိရနေမိသည်။ သော့ ခလောက်ကို ဖိချအပြီးမှာ တော့ မနက်စောစောထွက်သော ကားတွေ ရှိရာ သူလျှောက်လာခဲ့သည်။ အိမ်ကို ရောက်လျှင် ဇနီးသည်အား ညက အလုပ်မှာ အိပ်လိုက်ရ ကြောင်း မုသားကံကို ကျူး လွန်ရပေဦးမည် ။

ထိုအချိန်မှာ ပင် သူ့ညာဘက်ခြမ်းနှင့် ရင်ညွန့်အနားမှ အနည်းငယ်အောင့်နေသည်ကို သူသတိထားမိ လိုက်၏ ။ ပြီးတော့ ငယ်စဉ်ကတည်းက အမှန်ကို လိုချင်သော် လည်း ကြက်ခြေခတ်ပေါင်းများ စွာ နှင့် ပြည့်နေ သော သူ့သင်္ချာစာအုပ်ကို သတိရနေမိပြန်သည်။ပြီးတော့ ဆရာဝန်ပြောသည့် “ အရက်ဆက်သောက်ရင် ခင်ဗျာမြန်မြန်သေမှာ ပဲ” ဟူသည့် စကားကိုလည်း ကြားယောင်နေမိသည်။

# ပလူတစ်ကောင်၏ တောင်ပံ

လူ တစ်ယောက် ဟာ မကြာခင်သေရတော့မည် ကို သိနေလျှင်၊ လောကကြီးအတွက် ဘာလုပ်သွား သင့်သည်လဲ၊ သူစဉ်းစားနေမိသည်။ ဒါမှမဟုတ် မိမိအတွက်လုပ်ရမည့် အကောင်းဆုံးလမ်းဟာ ဘာ ဖြစ်မည် လဲ သူသိချင်နေသည်။

ရသည့်အချိန်၊ နေရသည့်အချိန်လေးမှာ ဘဝကူးကောင်းဖို့ ဝိပဿနာကျောင်းမှာ အချိန်ဖြုန်းမည် လား။ ဒါမှမဟုတ် သူကြိုက်နှစ်သက် သည့် ဝတ္ထုတွေ ကို တစ်ပုဒ်ပြီး တစ်ပုဒ်ပြန်ဖတ်ရင်း အချိန်ကုန်မည် လား။ ဒါမှမဟုတ်လည်း လူ့ဘဝမှာ တစ်ခါမှမလုပ်ဖူးသည့် ကောင်းမှု ကော မကောင်းမှု ကိုပါ (သူတစ်ပါး ကိုမထိခိုက်ဖူးဆိုရင်) လိုက်လုပ်မည် လား။

တစ်ခါက သွေးကင်ဆာဖြင့် သေဆုံးသွားသည့် သူငယ်ချင်း တစ်ယောက် ကတော့ " ကျုပ်သာနလံထူ ရင်၊ ခင်ဗျားတို့နဲ့ အရက်လိုက်သောက်ပြီး မလုပ်ဖူးတာတွေ အကုန်လုပ်ပစ်ဦးမယ်ဗျာ" ဟု ဆိုဖူး၏ ။

ဒါပေမယ့် သူဘယ်တော့မှ နလံမထူလာပဲ၊ ဆေးရုံရောက်ပြီး တစ်လကျော်မှာ သေဆုံးသွားခဲ့သည်။ သူ့ကို စိတ်ချမ်းသာအောင် ဆေးရုံအထူခန်းကိုအိမ်ကတီဗွီတွေ ၊ ကက်ဆက်တွေ ပါ ယူလာပေးထားပေမယ့် သူဆုံးတော့ တရားခွေတွေ သာ ဖွင့်ပေးနိုင်ခဲ့သည်။

အနေးနှင့် အမြန် သေရတော့မည် အတူတူ၊ လူများ စွာ ကို အကျိုး မပြုသည့် အဆိပ်ပင်တစ်ပင်ကို သူနှင့် အတူလူ့ ဘဝကြီးထဲက ဆွဲထုတ်သွားလျှင်ကော။

ဒါပေမယ့်သူစိတ်ထဲမှာ ဖြစ်နေတာက၊ သူ့ကိုယ်သူမသေနိုင်သေးပါဘူးဟု ထင်နေတာက ပိုများ နေ ခြင်း ဖြစ်သည်။ ဘာပဲ ဖြစ် ဖြစ် ဆရာဝန် ကတော့ သူမကြာခင်သေရတော့မည် ကို သိသွားခဲ့တာ်သေချာသည်။

"ခင်ဗျားအသည်းက ပုံမှန်အလုပ်လုပ်နေသားပဲ၊ ဒါပေမယ့်

နေရပ်ကဝေးတဲ့နေရာတွေ ကိုတော့ ခရီး ထွက်ပြီး ခင်ဗျားအလုပ်သွားမလုပ်နဲ့၊ ဥပမာ - ကော့သော င်လိုနေရာမျိုး၊ ပြန်လို့ခက်တဲ့နေရာမျိုး တွေ မှာ သွားပြီးအလုပ်မလုပ်နဲ့ ပြီးတော့ ဆေးကို ဝယ်သောက်၊ နိုင်ငံခြား ဖြစ်ကော မြန်မာဆရာဝန်ထုတ်တဲ့ဆေးပါ ရှိတယ်၊ မြန်မာဆရာဝန် ထုတ်တဲ့ဆေးက ဈေးသက်သာပြီး ပိုကောင်းတယ်" ဟုဆိုကာ ဆေးညွှန်းကို ရေး ပေးလိုက်သည်။

ထိုဆေးက အသည်းကင်ဆာသမားတွေ ၊ သွေးကင်ဆာ ဖြစ်နိုင်သူတွေ ၊ အသည်းကြွပ်နာသမားတွေ သောက်သည့် ဟက်ပါဝယ်(Hepawell) ဖြစ်နေသည်။

ထိုနေ့က အထူးကုဆေးခန်းက အပြန်သူ့စိတ်တွေ လေးလံ ထိုင်းမှိုင်းသွားမည် ဟု သူထင်ပေမယ့် သူ့ စိတ်တွေ လွတ်လပ်ပေါ့ပါးသွားခဲ့သည်။ တစ်ဆက်တည်းမှာ ပဲ လူ တစ်ယောက် ပြောသည့် စကားတစ်ခွန်းက နားထဲကိုပြန်ဝင်လာသည်။
"အသည်းကြွပ်နာသမားတွေ ဟာ၊ ဘာမှုမ ဖြစ်ခင်တော့ သွားသွားလာလာ စားစားသောက်သောက်ပဲဗျ။ အရက်ဖြတ်ပါပြောလည်း တချို့ ကမဖြတ်ကြဘူး၊ တစ်ခါထဲ ရောဂါ လည်းထ လာရော ဆရာဝန်ပြောသည့် စကားနှင့် ဆက်စပ်တွေ းမိပြန်သည်။

ဒီလူပြောသလိုအကောင်းပကတိကနေ လဲလည်းလဲသေလည်းသေမို့လို့ ဆရာဝန်ကရပ်ဝေးမှာ အလုပ်သွားမလုပ်ဖို့ ပြောတာပဲ ဖြစ်နိုင်သည်။

ဘာပဲ ဖြစ် ဖြစ်သူ့ သွေးကို စစ်ဆေးကြည့်ရာမှာ အိပ်ချ်အိုင်ဗွီပိုးမရှိတာ အသည်းရောင် ပိုးမတွေ့တာကို ပဲ သူစိတ်ချမ်းသာနေသည်။ အေအိုင်ဒီသက်စ်ပိုးကိုသာ လူတွေ ကြောက်နေကြပေမယ့်၊ အသသည်းရောင် အသားဝါ ဘီပိုးကို လူတွေ ဘာ့ကြောင့် မကြောက်ကြတာလဲ၊ သူစဉ်းစားမရအောင် ဖြစ်ခဲ့သည်။ သူကကော အိပ်စ် ရောဂါ နှင့် ဘယ်လောက်များ ကွာလို့လဲ။

သူကျန်းမာရေး ချို့ ယွင်းစမှာ ဒီစာအုပ်တွေ ဖတ်ကြည့်ဖူးသည်။ အသည်းရောင် အသားဝါ ဘီပိုးက လိင်ဆက်ဆံရာကလည်းကူးသည်။ သွေးကလည်းကူးသည်။ ဟင်းသီးဟင်းရွက်တွေ ကို ရေဆူဆူနှင့် ကျက် အောင်မချက်သည့်အခါ ဟင်းသီးဟင်းရွက်မှာ

ပိုးတွေ ပါလျှင်ကူးသည်။ ရေကို ကျိုချက်မသောက်သည့်အခါ တွင် လည်း ရေမှတစဆင့် ကူးနိုင်ပြန်သည်။ ပြီးတော့လက်သည်းညှပ်ရာကအစ၊ ခေါင်းဖြီးရာအဆုံး။ ထိုပိုး တွေ က အသည်းကို ပျက်စီးစေပြီး ၊ အသည်းကြွပ်နာ၊ အသည်းကင်ဆာ ဖြစ်၍ သေနိုင်သည်ဟု ဆိုသည်။ မိသားစုအတွင်း ၊မှာ အသည်းရောင် အသားဝါ ရောဂါ ရှိလျှင်လည်း ကူးစက်ဖို့သေချာသည်။ ကလေးတွေ ကို ကာကွယ်ဆေးထိုးရတော့မည် ။ ချေးသံ့ရွှဲရွှဲ ဘတ်စ်ကားကြပ်ကြပ်ထဲမှာ ခရီးအတူတူသွားမည် ဆိုလျှင်ကော။

ဘာပဲ ဖြစ် ဖြစ် ချွေးသံ့ရွှဲရွှဲလူတွေ နှင့် ပိတ်ကြပ်လောင်မြို ကျ်နံစော်နေတဲ့ဘတ်စ်ကားတွေ ထဲမှာ သူလည်း နှစ် ပေါင်းများ စွာ ခရီးသွားနေလာခဲ့သူမဟုတ်လား။

ပြီးတော့ တချို့ အရက်မသောက်တတ်တဲ့ ယောကျ်ားတွေ ကော၊ တချို့ မိန်းမတွေ ပါ အသည်းကြွပ်နာ နှင့် ဆုံးခဲ့ကြတာပဲ မဟုတ်လား။ အနောက်နိုင်ငံတွေ ထက် အရှေ့တောင်အာရှနိုင်ငံတွေ မှာ သည် ရောဂါ ပို ဖြစ် သည် ဟုဆိုသည်။

အခုတော့လည်း ဒါတွေ ကို သူအားလုံးမေ့ပြစ်လိုက်တော့မည် ။ ဒီစာအုပ်တွေ ကို စာကြည့်တိုက်တစ် ခုခုကို လှူချင်လှူ။ မီးပုံရှို့ချင်လည်းရှို့ လုပ်ပစ်လိုက်နိုင်သည်။ သူ့မှာ အသည်းရောင် အသားဝါပိုးကြောင့် မဟုတ်ပေမယ့် အခြားအကြောင်းကြောင့် ဖြစ်တဲ့ အသည်းကင်ဆာတစ်ခု ရှိနေပြီဆိုတာ သူသိလိုက်ပြီ ဖြစ် သည်။ အီးစီးဂျီရိုက်စဉ် ဆေးမှတ်တမ်းစာရွက်မှာ ထိုကစ္စပါနေကြောင်းမိတ်ဆွေ တစ်ယောက် မှတစ်ဆင့် အသိဆရာဝနိကု မေးကြည့်သည့်နေ့က စပြီးထိုကိစ္စမှာ ပိုပြီးသေချာသွားခဲ့သည်။

လူ တစ်ယောက် ဟာ သူ့ရဲ့ နောက်ဆုံးအချိန်နှင့် နီးကပ်နေပြီးသိလျှင် သည်လူဘာလုပ်သင့်မည် လဲ။

ပိုက်ဆံရှိလျှင်တော့၊ ဒါမှမဟုတ်မိသားစုအတွက် စိတ်အေးရပြီဆိုလျှင်တော့၊ အခုအခါမှာ ရဟန်းဘောင်ကိုကူးပြီး တရားတွေ ပဲရှုမှတ်ခါ သေခြင်းကိုသူရင်ဆိုင်ချင်သည်။ သို့ သော် သူသည်ပိုက်ဆံ့ချမ်း သာသည်ဟု ဆိုနိုင်သော သူထဲကမဟုတ်။ ပြီးတော့

မိသားစုအတွက်လည်း စိတ်အေးရသည့် အချိန်မဟုတ်။ သူမသေခင်မှာ မိသားစုအတွက် ရှန်းကန်နေရဦးမည် ဖြစ်သည်။

ပြီးတော့ ဒီကစ္စတွေ ကို သူ့မိသားစုမသိအောင် သိုသိုသိပ်သိပ် ထိန်းထိန်းသိမ်းသိမ်း ထားရပေဦး မည် ။ကံကောင်းလျှင်တော့ ထိုကိစ္စကို သူ့ဇနီးသည်ကနားလည်လက်ခံယုံကြည်ပြီး၊ သူလောကကြီးမှာ မရှိတော့တဲ့အခိုက်မှာ ကလေးတွေ မျက်နှာမငယ်ဖို့ ယခုထဲကဘာလုပ်ရမည် ကိုတိုင်ပင်၍ ရမည် ။ ဒါပေမယ့် ထိုကစ္စသည်မသေချာလှ။ သူ့မိန်းမကရေရှည်ကို မျှော်တတ်သူမဟုတ်။

ဒါကြောင့် လည်း ပြည်တွင် းစစ် ဖြစ်နေတဲ့ တိုင်းပြည်တစ်ပြည်လို သူ့အိမ်ထောင်ရေး ဟာ မကြာခဏ ပေါက်ကွဲတတ်ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့တာပဲ မဟုတ်လား။ ဘာပဲ ဖြစ် ဖြစ် ဒီအချိန်ရောက် မှတော့ သူမ နားလည်အောင်ညှိယူဖို့ အချိန်က မလုံလောက်တော့။

တစ်ခါတစ်ခါတော့ လူ တစ်ယောက် ဟာ ဘဝမှာ တန်းဖိုးရှိစွာ နေသွားသည့်အကြောင်းကို စဉ်းစားမိ သည့်အခါ တန်ဖိုးပျောက်ဆုံးစွာ နေထိုင်လာရသည့်အကြောင်းတွေ ကို သူပြန်မြင်မိသည်။ ဒီလို တန်ဖိုး ပျောက်ဆုံးနေသည့် မသေမချာဘဝကနေပြီး သူဟာဘဝနှင့် ပတ်သက်နေသည့် အရာရာကို မြတ်နိုးခင် တွယ်လာမိပြန်သည်။

သူဟာကမ္ဘာမြေကြီးကို ချစ်တတ်ခဲ့သည်။ သူဟာတိမ်တွေ ကို ချစ်တတ်ခဲ့သည်။ သူဟာ သစ်ပင်ပန်း မာလ်တွေ ကို ချစ်တတ်ခဲ့သည်။ သူဟာ စာအုပ်တွေ ကို ချစ်တတ်ခဲ့သည်။ သူဟာ မိန်းမ တစ်ယောက် ကိုချစ်တတ်ခဲ့သည်။ သူဟာ သားသမီး တွေ ကို ချစ်တတ်ခဲ့သည်။ သူဟာ အဖေနှင့်အမေကို ချစ်တတ်ခဲ့သည်။ သူဟာ အမှန်တရားကိုလည်း ချစ်တတ်အောင်တော့ သူကြိုး စားရပေမည် ။

အဖေမသေခင် ကတော့ "ဟဲ့ကောင်ရဲ့ ၊ ဘဝတစ်ခုရဲ့ အဆုံးသတ်ဆိုတာ ဘဝတစ်ခုရဲ့ အစပဲကွ။ ဒါကြောင့် လူတွေ သေတယ်ဆိုတာ ဘာမျှဝမ်းနည်းစရာမလိုဘူး၊

ဒါပေမယ့် ဒီဘဝမှာ မင်းလုပ်တာကိုတော့ မင်ကျေနပ်ဖို့အရေး ကြီးတယ် ” ဟုဆိုခဲ့သည်။

သူဟာ သူလုပ်ခဲ့သမျှ ကျေနပ်တင်းတိမ်မှု မရှိသေးသည်ကို ပြန်စဉ်းစာမိတိုင်း၊ အဖေ့လို သေဖို့အ ဆင်သင့်မ ဖြစ်ခဲ့တာကို ဝမ်းနည်းမိသည်။

အဖေက ရုံးတစ်ရုံးမှာ အရာရှိကြီးတစ်ဦး ဖြစ်သည်။ အင်္ဂလိပ်စာကောင်းသည်။ နိုင်ငံခြားကို နှစ် ခါသွား နေဖူးသည်။ အမေနှင့် အိမ်ထောင်ကျပြီး တစ်ဦးတည်းသော အ ဖြစ် သူ့ကို မွေးခဲ့သည်။ ပြီးတော့ သူလုပ်သည့် အလုပ်ကို တာဝန်ကျေပြီး သူ့လက်အောက်ကလူတွေ ကိုလည်း အတတ်နိုင်ဆုံးပြေလည်အောင် ဆောင်ရွက် ပေးသည်။ ဒါကြောင့် ပဲ အဖေပင်စင်ယူလိုက်သည့်တိုင် အဖေ့နာမည် ကရုံးမှာ မသေပဲကျန်ရစ်ခဲ့သည်။ လူတိုင်းက အဖေ့လက်ထက်ကဆို သူတို့တတွေ အဆင်ပြေသည့် အကြောင်းအမြဲပြောတတ်သည်။ ပြီးတော့ အဖေက ဆရာတော် ကြီးတွေ ၏ ဝိပဿ နာရှုနည်းတွေ ကို အင်္ဂလိပ်လိုပြန်သည်။

သည်လိုနှင့် ပဲ အဖေက သူလုပ်သည့်အလုပ်တွေ အပေါ် ကျေနပ်စွာ ဖြင့် ဘဝကူးသွားခဲ့သည်။ အမေ ကတော့ အဖေဆုံးပြီး နောက်ပိုင်း လက်ရှိအိမ်ကို သူ့အားအမွေပေးကာ မော်လမြိုင်က အမေ့ညီမရှိရာ သီလရှင်ကျောင်းမှာ သီလရှင်ဝတ်သွားခဲ့သည်။ အမေသီလရှင်ဝတ်တော့ သူ့သမီးကြီးပင်ငါးနှစ် သမီး ရှိပြီ ဖြစ် ၏ ။

သူ ကတော့ အဖေလိုလည်း ဘဝကိုမကျေနပ် အမေ့လိုလည်းဘဝကိုမပြတ်နှင့် လောကကြီးကို မကျေမနပ်ကြည့်ရင်း ဘဝကို ဆန်တတ်ခဲ့သည်။ အေးချမ်းစွာ နေထိုင်သည့်သူအဖို့သမရိုးကျ လူတွေ လုပ်သ လို ဘွဲ့ရပြီးပြီးချင်း ဝန်ထမ်းအလုပ် တစ်ခုကို ဝင်လုပ်ခဲ့သည်။ သူသိသည်ကအထက်လူကြီးကို ရိုသေချစ်ခင် ခြင်းမှာ ပေးအပ်ထားသည့် တာဝန်ကိုကျေပွန်အောင်လုပ်ဆောင်ခြင်းဟု မျက်နှာချိုမသွေးတတ်ခဲ့သည် သူ့ကို ၊ ဝန်ထမ်းဘဝမှာ လူကြီးတော် တော် များများ က သဘောမကျကြောင်း နောက်မှ သူသိသွားခဲ့သည်။ အခွင့်အရေး ရသည့် နေရာမှာ သူဟာနောက်မှာ အမြဲတမ်းကျန်ခဲ့ကြောင်း တဖြည်းဖြည်း သူသဘောပေါက် လာသည်။

သူလည်း ထိုအလုပ်မှာ ဆယ်နှစ် နီးပါးသော ်တင်ရင်း အပြင်ကို ရောက်လာခဲ့သည်။ သူငယ်ချင်းတစ် ယောက် နှင့် တိုင်ပင်ပြီး ဖလင်လုပ်ငန်းတစ်ခုကို မြို့ ထဲမှာ အခန်းငှားလုပ်ခဲ့သည်။

ငယ်ငယ်ကတည်းက သူငယ်နာလိုစွဲကပ်လာသော စာရေး သည့်ဝါသနာကြောင့် တစ်ခါတစ်ရံ ဝတ္ထုကို တွေ ရေး မိပြန်သည်။ သို့ သော် ထိုဝတ္ထုတွေ ဟာ တစ်နှစ် နေမှ တစ်ပုဒ်စနှစ် ပုဒ်စသာ မဂ္ဂဇင်းတွေ မှာ ပါပါလာတတ်ပြီး ဖြစ် ဖြစ်မြောက်မြောက်မရှိသည့် ဝတ္ထုတွေ သာ ဖြစ်၏ ။

ငယ်ငယ်ကလို ပန်းချီတွေ တော့ မရေး ဖြစ်တာကြာပြီ။ ကဗျာတစ်ပုဒ်လိုပဲ ၊ ပန်းချီကားတစ်ကားဟာ ဖန်တီးဖို့အလွန်ခက်ခဲသည်ကို သူသိချိန်မှစပြီး ပန်းချီမရေး ဖြစ်တာကြာပြီ။

ဘာပဲ ဖြစ် ဖြစ် ခေတ်ပြိုင်ဝတ္ထုတွေ ထဲမှာ ရှေ့ဆုံးကမရောက်တောင် နောက်ဆုံးမှာ မကျန်ခဲ့ဖို့တော့ သူရည်ရွယ်သည် ကသေချာ၏ ။ ဒါပေမယ့် ပန်းတိုင်မရောက်ခင်မှာ ပဲ၊ အရှုံးကို လက်သီးပြင်းပြင်းနှင့် တိုးချခံလိုက်ရသလို သူကပြေးလမ်းပေါ်မှာ ကျကျန်ရစ်ခဲ့တော့မည် ဖြစ်သည်။

သူချစ်သော ကမ္ဘာပြကြီး၊ သူချစ်သော ဘဝ၊ သူချစ်သော လူ့ယဉ်ကျေးမှု ၊ သူချစ်သော လူသားမျိုး နွယ်စု၊ သူချစ်သော လူသာအနုပညာစသည် စသည်အားလုံးကို စွန့်ခွာပြီး၊ ကျင်လည်နေရာ၊ ရင်းနီးနေရာ ပတ်ဝန်းကျင်မှ အနေးနှင့် အမြန်ထွက်ခွာသွားရတော့မည် ။ သူသေသည့်အခါ ကျန်လူတွေ ကသူတို့ဟာ မသေရတော့မည့် အတိုင်း သူ့အကြောင်းကို စုပ်တသပ်သပ်နှင့် ပြောကြပေဦးမည် ။ ကဲ .... ဘယ်လောက် များ ခံပြင်းစရာကောင်းလိုက်သလဲလို့။

သည်လိုနှင့် ပဲ နေ့တွေ တစ်နေ့ပြီး တစ်နေ့ကုန်ဆုံးခဲ့ချိန်၊ မြို့ ထဲမှာ မိုးမျှော်တိုက်ကြီးတွေ တစ်ထပ်ပြီး တစ်ထပ် ပြိုင်တက်ခဲ့ချိန်မှာ သူ့ ရောဂါ လည်း ခန္ဓာကိုယ်အတွင်း းမှာ တဖြည်းဖြည်းနှင့် အခိုင်အမာ တည် ဆောက်ပြီး ဖြစ်နေခဲ့၏ ။

သည့် ရောဂါ က သူ့ကိုတစ်ချက်တည်း ဝုန်းကနဲဆိုပေါက်ကွဲ ဖြို ဖျက်ပစ်လိုက်မယ့် တိုင်းမုံးတစ်ခုလို စံနစ်တကျတည်ဆောက် နေခဲ့တာ ဖြစ်သည်။ သူကလည်း ဒီမုံးကြီးမကွဲခင် သူလုပ်ရမည့် အလုပ်တွေ ကို တစ်ခုပြီးတစ်ခု လုပ်နေခဲ့သည်။ ညတွေ မှာ စာအုပ်တွေ နှင့် အချိန်ကုန်သည်။ ညဥ့်နက်သန်းခေါင်စာတွေ ရေး သည်။ ခရီးဝေးတစ်ခုကို အပြီးတိုင်သွားရမည့် သူတစ်ဦးက လုပ်စရာရှိတာကို နောက်လူတွေ မလုပ်ရအောင် သိမ်းကြုံး လုပ်နေတာနှင့် ပင် တူနေ၏ ။

ပြီးတော့မြို့ ထဲက ဖလင်လုပ်ငန်းကို စိတ်ချရသည့် တပည့် တစ်ယောက် နှင့် လွှတ်ပေးထားပြီး သူက တော့ တပတ်ကို သုံးရက်သာသွားတိုင်၏ ။ ထိုရက်တွေ မှာ တော့ လုပ်ငန်းသဘောကို သိဖို့ မိန်းမ ဖြစ်သူကို ခေါ်သွားတတ်သည်။

ပြီးတော့လည်း အိမ်မှာ ရှိနေချိန်မှာ (Bryan Forbes) ၏ (Truth Lies Sleeping) ထဲက (The Short, best days) နှင့် (Tomorrow will be different)ဝတ္ထု တွေ ကို ဘာသာပြန်နေခဲ့သည်။

ကလေးတွေ နှင့် ဗီဒီယိုကြည့်သည့်အခါ လူသေပြီးခွေးဘဝရောက်သွားသည့် (Fluke) လိုကားမျိုး တွေ ၊ ကျီးကန်လေးတစ်ကောင်အကြောင်း ရိုက်ထားတဲ့ (Black Feather) လိုကားမျိုး တွေ ကို ဘာသာပြန်ပေး နေတတ်သည်။ သူ့မိန်းမနှင့် လည်း အရင်ကလို ထစ်ကနဲရှိရန် မ ဖြစ်အောင် သူကြိုး စားနေယူခဲ့၏ ။

ထိုည ကတော့ မိုးချုပ်မှ သူအိမ်ပြန်ရောက်လာသည်။သူငယ်ချင်းတွေ က သူ့ကို ကားနှင့် လိုက်ပို့ပေး သည်။ သူအရက်သောက်လာသည်ကို သိသည့်မိန်းမကလည်း တံခါးကိုဖွင့်ပေးပြီးသည်နှင့် အခန်းထဲသို့ ပြန် ဝင်သွားသည်။ သူကအင်္ကျီလုံချည်တွေ လဲ၊ စားပွဲပေါ်မှာ ပြင်ပြီး အုပ်ထားသည့် ထမင်းကိုဖွင့်စားပြီး စာရေး ခုံ မှာ ဆက်ထိုင်ခဲ့၏ ။

ထိုညမှာ ပဲ ပလူကောင်တွေ ကလည်း မီးတိုင်တွေ မှာ ပျံဝဲပြွတ်သိပ်နေ၏ ။ စာရေး ခုံမှာ ထိုင်ပြီး စာဖတ်မည် ကြံသည့်အခါ သူ့စာရေး စားပွဲက မီးချောင်းမှာ ပလူကောင်တွေ ရောက်လာကြသည်။ တချို့ ပလူကောင်တွေ က တောင်ပံတွေ ချ၊ တချို့

ပလူကောင်တွေ က တောင်ပံတွေ နှင့် ဝဲ တရှန်းရှန်း ဖြစ်နေချိန် မှာ ပလူကောင်တွေ ကို စားဖို့စောင့်နေသည့် အိမ်မြှော င်နှစ် ကောင်ကလည်း ဘယ်ချောင်ကထွက်လာမှန်းမသိ ထွက်ချလာ၏ ။

ထိုညမှာ ပဲ သူမိုက်ပြန်အောင့်ပြီး ဆေးရုံတက်လိုက်ရသည်။ ဆေးရုံရောက်ပြီး နှစ် ပတ်အကြာမှာ သူသေဆုံးသွားခဲ့သည်။ သူ့သေဆုံးတော့ ပလူကောင်တောင်ပံတွေ နှင့် ပြည့်နေသည့် သူ့စာအုပ်ထဲမှာ အောက်ပါစာတစ်ပုဒ်ကို တွေ ့ရသည်ဟု ဆို၏ ။

“တောင်ပံတွေ ချပြီးချိန်၊ တောင်ပံတွေ ကျပြီးချိန်မှာ ၊ ပလူတစ်ကောင်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဘာမျှမရှိတော့မှန်းကျွန်တော် သိနေသည်”

# "အဖြူရောင် ပုရွက်ဆိတ်တစ်ကောင်"

အပြင်မထွက်တာ တစ်နှစ် ကျော်ပြီးမှ အပြင်ထွက်မည် ဆိုတာ အမေက သူ့ကိုလှမ်းကြည့်၏ ။ အမေ့မျက်လုံးတွေ က သူ့ကို စိတ်မချတာရော၊ မယုံကြည်တာရော၊ မျှော်လင့်တာရော၊ ဝမ်းသာတာရော စတာတွေ နှင့် ရှုတ်ရှက်ခပ်နေ၏ ။

"ကျွန်တော် သူငယ်ချင်းအိမ်သွားမှာ ပါ၊ မနေ့ကဖုန်းဆက်လို့ သူ့အိမ်မှာ အလှူ လုပ်မယ်ဆိုလို့။"

အမေက အတန်ကြာအောင်စဉ်းစားပြီးမှ. . . .

"ကားယူ သွားပါလား၊ မောင်ဝင်းကို ကားနဲ့ လိုက်ပို့ခိုင်းပေါ့။

"ကျွန်တော် အပြင်ကားနဲ့ ပဲသွားမယ်။"

သူ့စကားကြောင့် သူအစ်မတွေ ကပါ သူ့ကို လှမ်းကြည့်ကြပြန်၏ ။ အစ်မတွေ ကြည့်ပုံကလည်း အမေ ကြည့်ပုံနှင့် တစ်ထေရာတည်း ဖြစ်ပေမယ့် သူမသိချင်ယောင်ဆောင်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။သူလုပ် ချင်တာကို လုပ်ခိုင်းမရမှန်း အမေနှင့် အစ်မတွေ က သိနေကြ၏ ။ ဒါပေမယ့် သူဟာမိသားစုကို ထိခိုက်ဖို့ ဘယ်တော့မှ မလုပ်တာကို သူသိနေကြပြန်၏

သည်နေရာမှာ အဖေသာရှိလျှင် ဘယ်လိုနေမလဲ ဆိုတာ တစ်ခါတစ်ခါ သူတွေး ကြည့်ဖူးပေမယ့် သူ့ဘဝမှာ အဖေမရှိခဲ့တာသေချာသည်။ အဖေရှိပေမယ့်လည်း သူအဖေကိုမတွေ့ဖူးခဲ့တာ သေချာသည်။ တစ်ခါတစ်ခါ ရုပ်ရှင်တွေ ဗွီဒီယို တွေ ထဲ မှာ အဖေကသားကိုချစ်တာ၊အဖေကသားကိုဦးဆောင်တာ ၊ အဖေကသားကို ခွင့်လွှတ်တာ၊ အဖေကသားကို ဆုံးမတာ၊ အဖေကသားကို ရိုက်တာတွေ ၊ တွေ့ဖူးပေမယ့် လက်တွေ့ဘဝမှာ အဖေဆိုတဲ့အရသာဘာလဲဆိုတာ သူမသိခဲ့တာ သေချာပါသည်။

ကျောင်းသားဘဝမှာ သူငယ်ချင်းတွေ က သူတို့အဖေအကြောင်း ပြောပြကြတိုင်း အဖေဆိုတာဘယ် လိုလဲ သူမကြာခဏ တွေးကြည့်ဖူးသည်။ အမေ ကတော့ သူ့ကို မွေးချိန်မှာ

ပဲ၊ အဖေတိုက်ပွဲကျခဲ့သည်ဟုဆို ၏ ။

အဖေက စစ်ဆရာဝန် ဖြစ်၏ ။ ရှေ့တန်းစစ်ဆင်ရေး တစ်ခုမှာ လိုက်ပါရင်း၊ တိုက်ပွဲတစ်ခုမှာ အဖေ့ရဲ့ ဦးနှောက်တွေ ကို ကျည်ဆန်တစ်ခုက ထိုးဖောက် မွှေနှောက်သွားခဲ့သည်။ ဒါကြောင့် ပဲ အဖေ့အကြောင်းကို စဉ်းစားမိတိုင်း ကျည်တစ်တောင့် ဦးနှောက်ထဲကို မွှေနှောက်နေချိန် လူ တစ်ယောက် ဘယ်လိုခံစားရမလဲ ဆိုတာ သူစဉ်းစားခဲ့ဖူးသည်။

အခုတော့လည်း တစ်သက်လုံး အဖေမရှိပဲ နေလာခဲ့သည့် ဘဝက သူ့အဖို့နေသားကျလာပြီ ဖြစ် သည်။ လူ တစ်ယောက် ဟာ တစ်ခုခုမရှိချင် နေလို့မရဘူးဆိုတာ ဘာမှမဖိပ္ပာယ်မရှိကြောင်း သူသိလာခဲ့သည်။

မှတ်တိုင်ကို ရောက်ချိန်မှာ ပဲ အဲယားကွန်းဘတ်စ်ကြီး တစ်စီး ထိုးဆိုက်လာသဖြင့် ထိုဘတ်စ်ကား ပေါ်သို့ သူတက်လိုက်ခဲ့သည်။ မနေ့ကဖုန်းဆက်တော့ သူငယ်ချင်းက သူတို့ ဆီကို ပြေးသည့် အဲယားကွန်း ဘတ်စ်ကို ပြောပြခဲ့ခြင်း ဖြစ်သည်။ ထိုအခါမှပဲ မြန်မာပြည်မှာ အဲယားကွန်းဘတ်စ်တွေ ဆွဲနေကြောင်း ၊ သူ့အပြင်နှင့် အဆက်အတော် ပြတ်နေပြီ ဖြစ်ကြောင်း သူသိခဲ့သည်။ သူကားပေါ်ရောက်တော့ ထိုင်ခုံတွေ ပြည့်နေ၏ ။ ဒါပေမယ့် ခပ်လှမ်းလှမ်းမှာ ခုံလွတ်တစ်လုံးရှိနေ၏ ။ ထိုထိုင်ခုံမှာ သူဝင်ထိုင်လိုက်သည်။ ဒါပေမယ့် ထိုထိုင်ခုံ တစ်ဖက်မှာ မိန်းမ တစ်ယောက် ရှိနေသဖြင့် ထိုင်ခုံမှ ပြန်ထခါ ကား၏ အလယ်ကို ပြန်လျှောက်ပြီး မတ်တပ်ရပ်လိုက်ခဲ့ပြန်သည်။

မိန်းမဆိုလို့ အမေသူ့ကို မိန်းမပေးစားချင်နေသည့် အကြောင်းက ခေါင်းထဲဝင်ခဲ့ပြန်သည်။ ဟုတ်သည်။ အမေက သူ့ကို သင့်တော် သည့် မိန်းမ တစ်ယောက် နှင့် ပေးစားချင်ခဲ့သည်မှာ ကြာပြီ။

သူအလုပ်က မထွက်ခင်ကတည်းက အမေက သူ့ကို မိန်းမပေးစားချင်ခဲ့တာ သူသိ၏ ။ အမေကသူ့ကို ပေးစားချင်သည့်မိန်းမတွေ တစ်ယောက် မပြောသဖြင့် မသိမသာအိမ်ကို ခေါ်လာခဲ့ပေမယ့် သကစကားမပြော သဖြင့် အမေ့စီမံကိန်း လည်း

လက်လျှော့လိုက်ရသည်။

ဘာပဲ ဖြစ် ဖြစ် မိန်းမ တစ်ယောက် ကို ချစ်ခဲ့ဖူးတာတော့ သူ့ကိုယ်သူ သိနေခဲ့သည်။ ထိုမိန်းမကလည်း ပေ့ါသေးသေးထဲကမဟုတ်ဘဲမြန်မာပြည်မှာ ထိပ်ဆုံးထဲကတစ်ဦး ဖြစ်ခဲ့ဘူးသည့် သူတစ်ယောက် ၏ သမီး ဖြစ်၏ ။

သူမနှင့် သူက ဌာနတစ်ခုမှာ အလုပ်တွဲ လုပ်ရင်း သူမနယ်ကို ပြောင်းသွား မှ သူမကို သူချစ်နေမိကြောင်း သူ့ကိုယ်သူသိသွားခဲ့ခြင်း ဖြစ်သည်။ သူမဆီကို စာရေး ပြီး ချစ်ရေး ဆိုသည့်အခါ သူမက သူ့ကိုချစ်ကြောင်း စာပြန်ရေး ခဲ့သည်။ ဒါပေသည့် သူမနယ်ကပြန်အလာ ချိန်းထားသည့် နေရာကို သူမသွား ခဲ့သည့် အတွက် သူမနှင့် သူ ပြတ်သွားခဲ့ကြသည်။

သည့်တုန်း ကတော့ . . . . . .

“ကျုပ်ဟာ မိန်းမ တစ်ယောက် ကို သက်သက်မဲ့ ဒုက္ခသွားပေးမိတယ်” ဟု အပေါင်းအသင်းတွေ ကို ပြောရင်း သူရယ်ခဲ့ဖူး၏ ။ နောက်ပိုင်းတော့လည်း မိန်းမဆိုတာကို သူစိတ်မဝင်စားခဲ့တာကြာပါပြီ။ မိန်းမကိုမှ မဟုတ်၊ သူဘာကိုမှ စိတ်မဝင်စားခဲ့တာကြာပြီ ဖြစ်သည်။

အမေဆက်လုပ် စေချင်သော သူ့ကွမ်းဖိုးပင်မရသည့် ရုံးအလုပ်ကိုလည်း သူထွက်ခဲ့၏ ။ ကျောင်းသားဘဝကတည်းက ဖတ်ခဲ့စုခဲ့သော စာအုပ်တွေ ကိုလည်း အခန်းရှုတ်သဖြင့် စက္ကူဝယ်ကုလားကို ခေါ်ပြီး ပေးလိုက်၏ ။ အင်္ဂလိပ်စာကောင်းဖို့ ငှားဖတ်နေကျ အင်္ဂလိပ်ဝတ္ထုအငှားဆိုင်ဖက်သို့ လည်း ခြေဦးမလှည့်တာ ကြာပြီ ဖြစ်၏ ။ အလုပ်မထွက်ခင်ကလေး မဟာစည်ရိပ်သာမှာ တစ်လလောက် တရားစခန်း ဝင်ဖူးသော လည်း နောက်ပိုင်း မထိုင်နိုင်သဖြင့် မထိုင် ဖြစ်ခဲ့ပြန်။

ခုတော့လည်း ကွမ်းတွေ သာ တစ်ယာပြီးတစ်ယာဝါးရင်း သူအိမ်တွင် းအောင်းနေခဲ့သည်။ တစ်ခါတစ်လေ အပေါ်ထပ်မှာ လမ်းလျှောက်သည့် အခါလျှောက်သည်။ တစ်ခါတစ်လေ သစ်ပင်တွေ ရေ လောင်းသည်။ တစ်ခါတစ်လေအိမ်ကို ဆေးသုတ်သည်။

တစ်ခါတစ်လေ ကားသမားနှင့် ကားဝင်ဆေးသည်။

တစ်ခါတစ်လေ သူ့အိမ်မျက်စောင်းထိုးက ကွမ်းယာဆိုင်ကို သွားပြီး ကွမ်းတွေ မှာ သည်။

သည်အလုပ်ကလွဲလျှင်တော့ တစ်နေ့လုံးနေလို့ စကားဆယ်ခွန်းမှုပြည့် အောင်မပြော ဖြစ်။ အစ်မတွေ ၊ ယောက် ဖတွေ ၊ တူတွေ တူမတွေ နှင့် လည်း စကားပြောဖို့ မစ ဖြစ်။ ယခင်က တူတွေ တူမတွေ ငှားလာသည့် ဗွီဒီယိုခွေတွေ ကို ထိုင်ကြည့် ဖြစ်သော လည်း ယခုတော့ဗွီဒီယိုကိုပင် မကြည့် ဖြစ်။

အမေက တစ်လကို ဒေါ်လာတစ်ထောင်ဖြင့် ငှားထားသော တိုက်ခန်းကြီး ရှိနေတော့လည်း သူ့အဖို့ အလုပ်လုပ်ရန်မလို။ ဒါကိုပဲသူငယ်ချင်းတွေ က သူ့ကို စိတ်နည်းနည်း ဖေါက်ပြန်နေသူ ယဉ်ယဉ်လေးနှင့် ရူးနေသူဟု ဆိုကြသေးသည် မဟုတ်လား။

လောကကြီးမှာ အလုပ်လုပ်ဖို့အလိုလို့ အလုပ်မလုပ်တာ၊ မိန်းမ မယူချင်လို့ မိန်းမမယူတာ၊ စာအုပ်တွေ မဖတ်ချင်တော့လို့ မဖတ်တော့တာ၊ လူတွေ နှင့် စကားပြောစရာမရှိလို့ မပြော ဖြစ်တာလောက်နှင့် တော့ ဒီလူကို အရူး တစ်ယောက် လို့ သတ်မှတ်ဖို့ မကောင်းပါဘူး။

ဘတ်(စ်)ကားက သူငယ်ချင်းနေသည့် မြို့ သစ်မှာ ဂိတ်ဆုံး၏ ။ ပထမဦးဆုံးကားပေါ်မှ ဆင်းပြီး ကွမ်းယာဆိုင်ကို သူရှာ၏ ။ ထုံးဗမာဆေးနှင့် ကွမ်းတစ်ဆယ်ဖိုး သူဝယ်၏ ။ ပြီးတော့ သူငယ်ချင်းအိမ်ရှိရာသို့ လမ်းလျှောက်ခဲ့သည်။

သူရောက်တော့ သူငယ်ချင်းအိမ်မှာ လူအနည်းငယ်သာ ရောက်သေးသည်။ ရုံးတုန်းက အပေါင်းအသင်း တွေ က သူရောက်လာသဖြင့် သူ့ကို ဝိုင်းပြီးနှုတ်ဆက်ကြ၏ ။ ဌာနစိပ် တစ်ခုမှာ အတူ တာဝန် ထမ်းဆောင်ဖူးသည့် သူငယ်ချင်း တစ်ဦးက -

" ဘယ်လိုလဲ မင်းနေကောင်းသွားပလား" ဟု ဆိုရင်း သူလက်တွေ ကို ကိုင်ကြည့် နေ၏ ။ သူပြောသည့် နေကောင်းသွား ပလားဆိုသည့် စကားထဲမှာ ၊ မင်းစိတ်ကောင်းပါတယ်နော်ဆိုသည့် စကားတွေ ကပြိုကပ်ရောပါလာ၏ ။ သူကကွမ်းတံတွေ

းကို ထထွေးရင်း "ကောင်းပါတယ်" ဟုဆို၍ ပြုံး နေလိုက်သည်။ သူငယ်ချင်းက စကားကိုဒီမှာ ရပ်မထားဘဲ -

"ငါ့သူငယ်ချင်းကြီး အခုလို အပြင်တွေ ဘာတွေ ထွက်လာတာ ဝမ်းသာတယ်ကွာ၊ မင်းတစ်ခုခုလုပ်ပါလား" ဟုဆက်ပြောနေသည်။ သည်သူငယ်ချင်းက သူ့ကိုရှုးနေပြီ ထင်ပြီးသနားနေသော သူငယ်ချင်း ဖြစ်၏ ။ ဒါပေမယ့် သူ့ဘဝကို သူပြန်သနားရကောင်းမှန်း မသိသော သူငယ်ချင်းလည်း ဖြစ်သည်။ သူကရုံးအလုပ်တွေ ကိုဖိလုပ်၊ ဒီအလုပ်တွေ မှာ သူဟာ ဘယ်လောက်အရေး ပါတယ်ဆိုတာတွေ ပြော ညနေကျလို့ အရက်တိုက်မည့် သူရှိလျှင်လိုက်သောက်၊ အရက်သောက်ဖို့ မရှိလျှင်သိုင်း စာအုပ် ဖြစ် ဖြစ်၊ အချစ်ဝတ္ထုစာအုပ် ဖြစ် ဖြစ်၊ မဂ္ဂဇင်းတစ်အုပ် ဖြစ် ဖြစ် ညဥ့်နက်အောင်ဖတ်ပြီး မနက်ရုံးတက်ချိန်ကျမှ ကမန်းကတမ်းထတတ်သူ ဖြစ်၏ ။ ခုတစ်လောမှာ တော့ စာအုပ်တွေ သိပ်မဖတ် ဖြစ်ပဲ အရက်တွေ သာသောက် နေသည်ဟု သူငယ်ချင်း တစ်ယောက် ကဆိုသည်။ မိန်းမမရှိ ကျွေးစရာ ပေးစရာလည်းမရှိပေမယ့် အိမ်လခ၊ စားစရိတ်နှင့် ပင် လခနှင့် မလောက်နိုင်သော သူငယ်ချင်း လည်း ဖြစ်သည်။ ထိုသူငယ်ချင်း က သူ့လိုဘာမျှ ပူစရာမလိုသော သူ့ကို သနားသည်ဆိုတော့ ရယ်ဖို့ပင် ကောင်းနေသေးသည်။

ထိုအချိန်မှာ ပဲ ရုံးကအမျိုး သမီးနှစ် ယောက် ရောက်လာကြ၏ ။ ထိုအမျိုးသမီးနှစ် ယောက် ထဲက ရုပ်ခပ်ဆိုးဆိုး အမျိုး သမီး တစ်ယောက် မှာ သူငယ်ချင်းတွေ က ရုံးမှာ သူနှင့် ဝိုင်းစဖူးသော အမျိုး သမီး ဖြစ်သည်။ ထိုအမျိုး သမီးကလည်း သူ့ကိုတွေ့လျှင် ရှက်နေတတ်ပြန်သည်။

ခုလည်းပဲ သူမရောက်လာသည်နှင့် သူငယ်ချင်းတွေ က သူနှင့်သူမကို ဝိုင်းစကြပြန်၏ ။ သူဟာ ဒီလောက်ရုပ်ဆိုးတဲ့မိန်းမ တစ်ယောက် နှင့် သာ တန်သည်ဟု သူငယ်ချင်းတွေ က ထင်ထားပုံရပါသည်။ သူကလည်း သူ့ကို ဝိုင်းစသည်ကို ဘာမျှမပြောပဲ ကွမ်းကိုမြုံ့၍ သာပြုံး နေလိုက်သည်။

ဒီလိုနှင့် ပဲ အလှူပွဲက ကိုယ်ခင်ရာ ပရိသတ်လေးနှင့် တဖြည်းဖြည်းစည်ကားလာခဲ့သည်။ အိမ်ရှင်သူငယ်ချင်း လင်မယားက သူ့ကိုကြားဖ်ချက်တွေ

လာချပေးရင်း ညနေစောင်းမှ ပြန်ဖို့ ပြောနေသည်။ သူငယ်ချင်း တစ်ယောက် ကလည်း သူ့ကို အိမ်လိုက်လည်ဖို့ခေါ်နေပြန်သည်။ နောက်ဆုံးတော့ အိမ်ရှင်သူငယ်ချင်းလင်မယားကို နှုတ်ဆက်ပြီး အိမ်လည်ခေါ်သည့် သူငယ်ချင်း နောက်ကိုသူလိုက်လာခဲ့ သည်။ ထိုသူငယ်ချင်းကလည်းရုံးကထွက်ပြီး အပြင်စီးပွားရေး လုပ်နေသော သူငယ်ချင်း ဖြစ်သည်။

ရုံးမှာ တုန်းက ထိုသူငယ်ချင်းမှာ ဘယ်လူကြီးနှင့် မှ သိပ်မတည့်သော သူငယ်ချင်းလည်း ဖြစ်သည်။ ဒါကြောင့် ပဲ အခွင့်သာသည့်အခါ လူကြီးတွေ က သူ့ကိုဝိုင်းပြီးနှိပ်လိုက်ကြသဖြင့် သူလည်းအလုပ်ထွက် ဖြစ် သွားသည်။ ထိုအခါမှပဲ နေရာတစ်နေရာမှာ သူမရှိလည်း ဘာမျှမ ဖြစ်ဖူးဆိုတာ ထိုသူငယ်ချင်း သဘော ပေါက်သွားခဲ့သည်။

သူငယ်ချင်းအိမ်ကိုရောက်တော့ စက္ကူကုလားကို သူခေါ်ပေး ဖြစ်ခဲ့သော သူ့စာအုပ်တွေ ကို သူသတိရသွားသည်။ သူငယ်ချင်းအိမ်က စာအုပ်တွေ နှင့် ဖွဲ့စည်းထားသော အိမ် ဖြစ်နေ၏ ။ စီးပွားရေး လုပ်ငန်းအပြင် သူငယ်ချင်းက စာတွေ လည်း ရေး သူ ဖြစ်သည်။ ဒါကြောင့် ပဲ သူနှင့် မတွေ့ခင်ကာလမှာ သူ့ခေါင်းတွေ ပိုပြောင်လာပြီး သူ့မျက်မှန်ကြီးလည်း ပိုထူလာခြင်း ဖြစ်မည် ။

သူကသာ စာအုပ်တွေ ကို စွန့်လွှတ်လိုက်ပေမယ့် သူငယ်ချင်း ကတော့ ယခုတိုင်စာအုပ်တွေ နှင့် လုံးထွေးရစ်ပတ်ပျော်ဝင်ဆဲ ဖြစ်သည်ကို မြင်ရသည့်အခါ သူအံ့သြမိပြန်သည်။

“ခင်ဗျားစာတွေ ဖတ်သေးလား”

သူငယ်ချင်းက သူ့ကိုမေးလိုက်၏ ။

“ဘာအတွက်ဖတ်မှာ လဲ ” သူက သူငယ်ချင်းကို ပြန်မေးမယ်လုပ်ပြီးမှ သူမှား သွားမည် ကို သတိထားလိုက်မိပြီး . . .

“ကျွန်တော် စာတွေ မဖတ် ဖြစ်ဘူး” ဟုသာ အမှန်အတိုင်း ဖြေလိုက်သည်။ သူငယ်ချင်းက စာတွေ ဖတ် လျှင် တစ်စုံတစ်ခု ရနိုင်သည်ဟု ထင်နေပုံရပါသည်။စာတွေ

ထဲကသူလိုချင်တာ ဘာတစ်ခုမျှ ဟုတ်တိပတ်တိ မရခဲ့တာ သူသိနေသည်။ ဒါမှမဟုတ် ဘာတစ်ခုမျှမလိုချင်သည့် သူ့အဖို့စာတွေ ဖတ်ဖို့ မလိုတာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်။

"ခင်ဗျား နေတော့ ကောင်းသွားပြီးမဟုတ်လား"

စာတွေ နှင့် မူးနေသည့်သူငယ်ချင်းက အရက်တွေ မူးရင်း သူ့ကိုသူ မှန်နေသည်ဟု ထင်နေသော စောစောက သူငယ်ချင်းလိုပဲ သူ့ကိုနေကောင်းရဲ့ လားဟု မေးနေခဲ့ပြန်သည်။

လောကမှာ တစ်ခုခုနှင့် ယစ်မူးနေသူ တစ်ယောက် က ဘာနှင့် မျှမမူးတော့ သည့်လူ တစ်ယောက် ကို နေကောင်းရဲ့ လား ဟု သံသယဝင်နေတာ ကတော့ အတော် ပဲစိတ်ပျက်ဖို့ ကောင်းပါသည်။

ချက်ချင်း လိုပဲ ပါစကယ် ပြောဖူးသည့် " ကျွန်တော် တို့ သည်ငယ်စဉ်ကဆိုလျှင် တော် သည့် မှန်ကန်စွာ မဆုံးဖြတ်တတ်ကြပေ၊ သို့ သော် ကြီးရင့်လာသည့်အခါတွင် လည်း ထိုသို့ ပင် ဖြစ်ပါသည်" ဆိုသည့် စကားကို သတိရလာသည်။

ထိုအခါမှပဲ သူဘာကြောင့် အပြင်မထွက် ဖြစ်တာလဲ သူဘာကြောင့် လူတွေ နှင့် စကားသိပ်မပြော ဖြစ် တာလဲ ဆိုသည်ကို သတိရလာ၏ ။ လူတွေ ဟာကိုယ့်ကိုယ်ကို မသနားပဲ ကိုယ်နှင့် မဆိုင်သည့် ဘဝကို လိုက်သနားနေကြသူကများ နေသည် မဟုတ်ပါလား။

ဘာပဲ ဖြစ် ဖြစ် . . . . ထိုနေ့က အိမ်ပြန်ရောက်သည့်အခါမှာ တော့ အခန်းတံခါးကိုပိတ်ပြီး ကုတင်ပေါ်မှာ လှဲအိပ်နေမိ၏ ။ အစ်မအကြီးက သူကိုထမင်းစားဖို့ လာခေါ်သည့်အခါ အိပ်ချင်ယောင်ဆောင် ပြီး အပြင်ထွက်လည်ဖို့ ဘယ်နှစ် နှစ် လောက် စောင့်ရဦးမည် ကို စဉ်းစားနေမိ၏ ။